**CHIN NATIONAL FRONT**
**General Headquarters**
**Chinland**
**Website :** www.chinland.org **Email :** cnf.headoffice@gmail.com

# အထူးဝမ်းနည်းကြေကွဲခြင်း

ချင်းအမျိုးသားတပ်မတော်တွင် တာဝန်ထမ်းဆောင်နေသော ကိုယ်ပိုင်အမှတ် စီစီ (၅၇) ဗိုလ်ရွှေအုပ်သည် ၂၀၁၉ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့ မြန်မာစံတော်ချိန် ည ၈း၀၀ နာရီတိတိ၌ အဆုတ်ဝေဒနာဖြင့် ဟားခါးပြည်သူ့ဆေးရုံတွင် ကွယ်လွန်သွားခဲ့ပါသည်။ အမျိုးသားရေးတာဝန်ကို ကောင်းတူဆိုးဖက် တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားသူ အပေါ် ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်သားများနှင့် မိသားစုဝင်များက အထူးပင် ဝမ်းနည်းကြေကွဲမိပါသည်။

ဗိုလ်ရွှေအုပ်သည် အဘ ပူးခွါဟာရဲမ်(ခ) ခင်မောင်ရွှေ (ကွယ်လွန်) နှင့် ပီးအီယန်ချင်းတို့၏ တတိယမြောက်သားအဖြစ် ၁၉၈၂ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၄) ရက်နေ့တွင် ဖိုင်းဇောင်းရွာ၊ ဟားခါးမြို့နယ်တွင် မွေးဖွားခဲ့ပြီး၊ နယူးဒေလီ ဓမ္မ ကျောင်းတွင် B.Th ဆည်းပူးစဉ် ၁၄၊ ၄၊ ၂၀၁၁ ခုနှစ်တွင် ချင်းအမျိုးသားများ ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်အပြည့်အဝရရှိရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးအတွက် သမိုင်းပေးတာဝန်ကို ထမ်းဆောင်ရန် ချင်းအမျိုးသားတပ်မတော်သို့ ဝင်ရောက်ခဲ့ပါသည်။ အခြေခံစစ်ပညာနှင့် K.I.A အမှတ်စဉ် (၅) ဗိုလ်လောင်းသင်တန်းကို တက်ရောက်အောင်မြင်ပြီးနောက် လေ့ကျင့်ရေးဌာနနှင့် အမျိုးသားရေးအတွက် အထက်မှပေးအပ်သော တာဝန်များကို ဦးလည်မသုန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။

ဤကဲ့သို့ အမျိုးသားရေးတာဝန်ကို တက်ကြွစွာထမ်းဆောင်ရင်း ၂၀၁၇ ခုနှစ်တွင် Farrawn ရွာသူ Pu Khua Rem နှင့် Pi Iang Cin ၏သမီး မိုင်ငွန်ထဒိမ်း နှင့် ထိမ်းမြားလက်ထပ်ပြီး ၂၀၁၉ ခုနှစ် မတ်လ (၁၂) ရက်နေ့တွင် သားဦး ဘွေလျန်အုပ်ကို မွေးဖွားခဲ့ပါသည်။ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းမှစ၍ ကျန်းမာရေးကြောင့် ဆေးကုသမှုများကို စတင်ခံယူခဲ့ရပြီး အခြေအနေသက်သာလာသည်ဟု ယူဆရာမှ ဟားခါးတွင် ဆေးဝါးပြန်လည်ကုသစဉ် သူချစ်သော အမိချင်းပြည်နှင့် မိဘ၊ ညီအစ်ကိုမောင်နှမ၊ ၎င်း၏ ချစ်ဇနီးနှင့် ချစ်သားငယ်တို့ကို ခွဲခွာသွားရလေသည်။

ဗိုလ်ရွှေအုပ်သည် တိုင်းပြည်နှင့်လူမျိုးအတွက် အမျိုးသားရေးတာဝန်ကို ကျေပွန်ခဲ့ပြီဖြစ်သည်။ ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်က သင့်ကို လေးစားပါသည်။ သင်ချန်ထားခဲ့သော လက်ကျန်တာဝန်များကို သင်သစ္စာထားသော ချင်းအမျိုးသားတပ်မတော်က ဆက်လက်ပြီး ထမ်းဆောင်သွားကြမည်ဖြစ်သကဲ့သို့ ဗိုလ်ရွှေအုပ်တစ်ယောက် သောက ကင်းပြီး ကောင်းရာသုခတိရောက်ပါစေကြောင်းနှင့် ကျန်ရစ်သူမိသားစုများအပေါ် ထာဝရဘုရားသခင်က ပြုစုစောင့်ရှောက်တော်မူပါစေကြောင်း ချင်းအမျိုးသားတပ်ဦး၊ တပ်မတော်က ဆုမွန်ကောင်းတောင်းအပ်ပါသည်။

သတင်းနှင့်ပြန်ကြားရေးဌာန
ချင်းအမျိုးသားတပ်ဦး

၂၀၁၉ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့